

# လိင်မှုဆိုင်ရာဒုစရိုက်ပြုခြင်း

အဓိပ္ပါယ်ဖွင့်ဆိုချက်များ။

## လိင်မှုဆိုင်ရာဒုစရိုက်ပြုခြင်း

လိင်မှုဆိုင်ရာဒုစရိုက်ပြုခြင်းဆိုသည်မှာ လူတဦးတယောက်အား လိင်မှုကိစ္စလိုက်လျောစေခြင်း၊ ငွေကြေးသို့မဟုတ် အခြားပစ္စည်းများ၊ သို့မဟုတ် လိင်မှုကိစ္စပစ္စည်းများ ထုတ်လုပ်စေခြင်း စသည်တို့ကို ပြုလုပ်ရန် အတင်းအကြပ်ဖိအားပေးသည့် ဖြစ်စဉ်ဖြစ်တယ်။

လိင်မှုဆိုင်ရာဒုစရိုက်အား ကျူးလွန်သူနှင့် ခံရသူသားကောင်ကြား အင်အားမမျှတဘဲ ကျူးလွန်သူမှ သားကောင်အား လိင်မှုကိစ္စ သို့မဟုတ် ငွေကြေးဆိုင်ရာ တောင်းဆိုမှုတွေကို အတင်းအကြပ်သဘောတူစေခြင်း ဟု သတ်မှတ်နိုင်တယ်။



## ဥပဒေဘောင်များ။

ကလေးများအား လိင်မှုကိစ္စအသုံးချမှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ ဥပဒေရပ်များ သို့မဟုတ် သက်ဆိုင်ရာနယ်မြေ ဥပဒေရပ်များတွင် လိင်မှုဒုစရိုက်ပြုခြင်းကို ပြစ်မှုအဖြစ် ရှင်းရှင်းလင်းလင်း သတ်မှတ်မထားပါ။

သို့သော်လည်းလန်ဇာရုတ်ညီလာခံတွင် </88 ကလေးများအား ကလေးညစ်ညမ်းပုံရိပ်များတွင် ပါဝင်ပြသစေရန် အတင်းအကြပ်ပြုခြင်းအား ပြစ်မှုအဖြစ် သတ်မှတ်ထားပါတယ် (ပုဒ်မ ၂၁(၁)(အေ-ဘီ)။ ကလေးညစ်ညမ်းပုံရိပ်များ ထုတ်လုပ်ရန် ကလေးအား ပြည့်တန်ဆာအဖြစ် အသုံးချခြင်းအတွက်လည်း တူညီတဲ့ သက်ရောက်မှု ရှိပါတယ် (ပုဒ်မ၂၃)။ ကလေးသူငယ်နှင့် လိင်မှုကိစ္စပြုလုပ်ခြင်းသည် အတင်းအကြပ်စေခိုင်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ခွန်အားသုံးခြင်းများ ရှိပါက ပြစ်မှုမြောက်ပါတယ်။ ထိုလူသည် ယုံကြည်ရလောက်သည့် အနေအထားကို အလွဲသုံးစားပြုခြင်း၊ ကလေးပေါ်တွင် အခွင့်အာဏာနှင့် လွှမ်းမိုးနိုင်စွမ်းကို အလွဲသုံးစားပြုခြင်း၊ သို့မဟုတ် ကလေးရဲ့ ရပ်တည်ရန် ခက်ခဲတဲ့ အခြေမနေပေါ်မှာ အလွဲသုံးစားပြုခြင်း ရှိနေပါက ပြစ်မှုမြောက်ပါတယ်။

လိင်မှုဆိုင်ရာဒုစရိုက်ပြုသည့် အရာများအား ဖမ်းဆီးရန် ဤပုဒ်မများအား ရည်ညွှန်းနိုင်ပါတယ်။

ထပ်မံပြီး ကလေးညစ်ညမ်းပုံရိပ်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ပေးကမ်းခြင်းအား ပစ်မှုမြောက်ကြောင်း သတ်မှတ်ထားသော ညီလာခံများတွင် (ဆိုလိုသည်မှာ ဘူဒါပတ်စ် ညီလာခံ၊ လန်ဇာရုတ် ညီလာခံ၊ ကလေးငယ်ရောင်းချခြင်းပေါ်တွင်ထားသည့် အရံ လုပ်ငန်းစဉ်၊ အာဖရိကန်အဖွဲ့ ဆိုက်ဘာပြစ်မှု ညီလာခံ) လိင်မှုဆိုင်ရာဒုစရိုက်ပြုသည့် အရာများအား ဖမ်းဆီးနိုင်တဲ့ ဘာသာစကား ပါဝင်ပါတယ်။

## လိင်မှုဆိုင်ရာ မလျော်မကန်ပြုသူတွေနဲ့ လိင်မှုဆိုင်ရာဒုစရိုက်ပြုခြင်း အမှတ်လက္ခဏာများ

ကျူးလွန်သူတွေဟာ မကြာခဏဆိုသလို ကလေးအားလိင်မှုကိစ္စလိုက်လျောစေခြင်း သို့မဟုတ် ငွေးကြေး သို့မဟုတ် ပစ္စည်းများအတွက် အတင်းအကြပ်ဖိအားပေးရာမှာ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုထက် သိထားတဲ့ အင်အားမမျှတမှုပေါ် သို့မဟုတ် အခွင့်အာဏာရှိမှု အနေအထားပေါ် အားထား လုပ်ကိုင်ပါတယ်။

စိတ်ပိုင်းဆိုင်ရာ အတင်းအကြပ်ပြုမူခြင်းအား တောင်းဆိုသည့်အတိုင်း မလိုက်လျောပါက မလိုလားအပ်သော ဆိုးကျိုးများဖြစ်လာစေမည်ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် တချို့သော အကျိုးအမြတ်များအား မပေးဘဲခြိမ်းခြောက်ထားခြင်းများ အားဖြင့် ယေဘုယျ သိသာထင်ရှားစေပါတယ်။

အစိတ်အပိုင်းများတွင် လျို့ဝှက်အပ်သော ကိုယ်ခန္ဓာအစိတ်အပိုင်းများအား ပြသခြင်း၊ လိင်ပိုင်းဆိုင်ရာဓာတ်ပုံအတွက် ကိုယ်ဟန်ပြခြင်း၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအလွဲသုံးစားပြုမှုအား ခံယူရခြင်းများ ကဲ့သို့သော ဆန္ဒမပါသော လိင်မှုကိစ္စ ပုံစံများအား ကျူးလွန်သူမှ တောင်းဆိုခြင်း ပါဝင်ပါတယ်။ လိင်ပိုင်းဆိုင်ရာ</55>

ပစ္စည်းများ၊ ငွေကြေး သို့မဟုတ် ဝန်ဆောင်မှု ရယူရန်အတွက် အသုံးချတဲ့ နည်းလမ်းများပုံစံနဲ့လည်း အစိတ်အပိုင်းများအား ထင်ဟပ်စေနိုင်ပါတယ်။ (ဥပမာ ကျူးလွန်သူများက ခံရသူရဲ့ ကိုယ်တိုင်ဖန်တီးထားတဲ့ လိင်မှုအကြောင်းအရာတွေကို ရယူပြီး အသုံးချ၍ ခြိမ်းခြောက်ငွေညှစ်ခြင်း) လိင်ပိုင်းဆိုင်ရာ</58><

လိင်မှုဆိုင်ရာဒုစရိုက်ပြုခြင်းတွင် ကိုယ်တိုင်ဖန်တီးထားတဲ့ မဖွယ်မရာပုံရိပ်များ အွန်လိုင်းတွင် သို့မဟုတ် အခြားရွယ်တူများဆီ ပျံ့နှံ့စေမည်ဟု ခြိမ်းခြောက်ခြင်းလည်း ပါဝင်နိုင်ပါတယ်။ ထိုမှတဖန် ခံရသူကလေးငယ်အတွက် ထပ်မံဆိုးဝါးမှုများ ဖြစ်စေနိုင်သည့် ဆိုက်ဘာအနိုင်ကျင့်မှုများကဲ့သို့သော အခြားသော ဆိုးကျိုးများလည်း ခံစားရစေနိုင်ပါတယ်။

*ကျေးဇူးပြု၍ လိင်မှုကိစ္စဖေမျှခြင်းအကြောင်း အချက်အလက်စာရွက်တွင် ကြည့်ရှုပါ။*

## သင် ဘာလုပ်နိုင်သလဲ။

- လိင်မှုဒုစရိုက်ပြုခြင်းအား တိတိကျကျ ပြစ်မှုအဖြစ် သတ်မှတ်နိုင်စေရန် ပိုပြီးအားကောင်းတဲ့ ဥပဒေဘောင်များ ဖြစ်ပေါ်လာစေရန် လှုပ်ရှားဆောင်ရွက်ပါ။
- လိင်မှုဆိုင်ရာဒုစရိုက်ပြုခြင်း ကိစ္စရပ်အား ဖြေရှင်းနိုင်ရန် ဥပဒေလိုက်နာရေးကြီးကြပ်မှုအတွက် ပိုမိုကောင်းမွန်တဲ့ ရင်းမြစ်များရနိုင်ရန် လှုပ်ရှားဆောင်ရွက်ပါ။
- ကျူးလွန်သူများအတွက် လိင်မှုဆိုင်ရာဒုစရိုက်ပြုနိုင်ရန် အခွင့်အလမ်းများအား ကန့်သတ်ရန်၊ အွန်လိုင်းမှ ကလေးသူငယ်လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့် ပစ္စည်းပါဝင်မှုများ ပျံ့နှံ့ခြင်းကို ကန့်သတ်ရန် အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့် အတူပူပေါင်းလှုပ်ရှားဆောင်ရွက်ပါ။
- လိင်မှုကိစ္စဖေမျှခြင်းရဲ့ အန္တရာယ်နှင့် ဖြစ်လာနိုင်တဲ့ ဆိုကျိုးတွေကို ကလေးငယ်များ၊ မိဘများ၊ ကလေးထိန်းများကြားတွင် ပညာပေး၍ သတိပြုမိမှု မြင့်တက်လာစေရန် ပြုလုပ်ပါ။
- အွန်လိုင်းပေါ်တွင် ကလေးသူငယ်လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့် ပစ္စည်းများ သို့မဟုတ် လိင်မှုကိစ္စဖေမျှခြင်းအား တွေ့ရှိပါက သတင်းပို့ပါ။

အွန်လိုင်းတွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အသုံးချမှု သရုပ်သကန် အချက်အလက်စာရွက် (အီးပက်နိုင်ငံတကာ အဖွဲ့အစည်းမှ ဖန်တီးသည်။)
ဘာသာပြန်ခြင်းနှင့် ထုတ်ဝေခြင်းအတွက် ယူနီစက်ဖ် မှ ပံ့ပိုးကူညီပါတယ်။

unicef unite for children